



Citizen Action for Transparency

(CAfT)

# ရေငန်ငါးဖမ်းလုပ်ငန်းတွင်

# အမျိုးသမီးများပါဝင်မှု၏

# တန်ဖိုးကွင်းဆက်

# အခန်းကဏ္ဍ

https://caftmm.org/

https://www.facebook.com/share/15YgpmGsXJ/

## နိဒါန်း

ငါးဖမ်း လုပ်ငန်းသည် ကမ္ဘာတစ်ဝှမ်းရှိ လူမှုအသိုက်အဝန်းတစ်ခုလုံးအတွက် စားနပ်ရိက္ခာဖူလုံမှုကို ထောက်ပံ့ပေးရုံသာမက စီးပွားရေးဖွံ့ဖြိုးမှုနှင့် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများအတွက်လည်း အရေးပါသော ကဏ္ဍတစ်ခုဖြစ်နေသည်။ ထိုငါးဖမ်းလုပ်ငန်းတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုသည် ငါးဖမ်းလုပ်ငန်း၏ ထိရောက်မှုနှင့် ရေရှည်တည်တံ့မှုကို မြှင့်တင်ပေးရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။ အမျိုးသမီးများသည် ငါးဖမ်းလုပ်ငန်း၏ တန်ဖိုးကွင်းဆက်အဆင့်များဖြစ်သည့် ကုန်ကြမ်းရယူခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် စီမံခန့်ခွဲမှုအဆင့်များတွင် မရှိမဖြစ်လိုအပ်သော အခန်းကဏ္ဍမှ ပါဝင်လုပ်ကိုင်နေကြပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့ ငါးဖမ်းလုပ်ငန်းအပေါ် မှီခိုအားထားရသော ဒေသများတွင် အမျိုးသမီးများ၏ ပါဝင်မှုသည် စားနပ်ရိက္ခာလုံလောက်မှုနှင့် ဒေသခံစီးပွားရေးကို ထောက်ပံ့ပေးရာတွင် အရေးပါလှသည်။ ယခုအစီရင်ခံစာသည် အမျိုးသမီးများ၏ ပါဝင်မှုကို အသေးစိတ်ခွဲခြမ်းစိတ်ဖြာပြီး ၎င်းတို့၏ ပံ့ပိုးမှုကို မြင်သာအောင်မီးမောင်းထိုးပြရန် ရည်ရွယ်ထားပါသည်။



## နောက်ခံအကြောင်းတရား

အမျိုးသမီးများ၏ ငါးဖမ်းလုပ်ငန်းတွင် ပါဝင်မှုသည် လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးတမ်းစဉ်လာစသောအကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ အဓိက နောက်ခံအကြောင်းတရားများတွင်

## (က) လူမှုရေးဆိုင်ရာ အခန်းကဏ္ဍနှင့် တာဝန်ခွဲဝေမှု



ငါးဖမ်းလုပ်ငန်းများတွင် အဓိကအားဖြင့် အမျိုးသားများက ပင်လယ်ထဲတွင် ငါးဖမ်းခြင်းလုပ်ငန်းကို ဦးဆောင်လုပ်ကိုင်ကြပြီး အမျိုးသမီးများက ဖမ်းဆီးရရှိလာသောငါးများကို ကုန်းပေါ်တွင်အမျိုးအစားခွဲခြားခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် စီမံခန့်ခွဲခြင်းကဲ့သို့သော လုပ်ငန်းများကို အဓိကတာဝန် ယူလုပ်ကိုင်ကြသည်။ ဤတာဝန်ခွဲဝေမှုသည် ရိုးရာဓလေ့ထုံးတမ်းများနှင့် လူမှုရေးဆိုင်ရာ အခန်းကဏ္ဍများပေါ်တွင် အခြေခံထားပြီး အမျိုးသမီးများအနေဖြင့် လုပ်ငန်းစဉ်တစ်ခုလုံး ချောမွေ့စွာ လည်ပတ်နိုင်ရန် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာခဲ့သည်။ ဥပမာအားဖြင့် ငါးဆေးခြင်း၊ ငါးလှမ်းခြင်း၊ ငံပြာရည်လုပ်ခြင်း နှင့် ငါးပိပြုလုပ်ခြင်းကဲ့သို့သော လုပ်ငန်းများသည် အမျိုးသမီးများ၏ ကျွမ်းကျင်မှုနှင့် ဂရုစိုက်မှုကို အထူးလိုအပ်ပါသည်။

## (ခ) စီးပွားရေးဆိုင်ရာ လိုအပ်ချက်များ



ငါးဖမ်းလုပ်ငန်းသည် ဒေသခံမိသားစုများအတွက် အဓိကဝင်ငွေရရှိရာ တစ်ခုဖြစ်သည်။ အမျိုးသမီးများအနေဖြင့် မိသားစုဝင်ငွေကို ဖြည့်ဆည်းရန်နှင့် စားနပ်ရိက္ခာလုံလောက်မှုကို အာမခံနိုင်ရန် ဤလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ကြရပါသည်။ ဥပမာအားဖြင့် ငါးခြောက်၊ ငံပြာရည် နှင့် ငါးပိများကို ဈေးကွက်သို့ ရောင်းချခြင်းဖြင့် ရရှိသော ဝင်ငွေသည် မိသားစုများအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည်။ ထို့အပြင် အမျိုးသမီးများသည် ကုန်သည်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ဈေးကွက်ဖြန့်ဖြူးမှုတွင် ပါဝင်ခြင်းဖြင့် လုပ်ငန်း၏ စီးပွားရေးအောင်မြင်မှုကို အထောက်အကူဖြစ်စေသည်။

## (ဂ) ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များ

မြန်မာနိုင်ငံအပါအဝင် ငါးဖမ်းလုပ်ငန်းအပေါ် မှီခိုအားထားရသော ဒေသများတွင် အမျိုးသမီးများသည် ရိုးရာအရ ငါးပြုပြင်ခြင်းနှင့် ထုတ်လုပ်ခြင်း လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်လာခဲ့ကြသည်။ ဤလုပ်ငန်းများသည် မျိုးဆက်



တစ်ခုမှ တစ်ခုသို့ လက်ဆင့်ကမ်းပေးအပ်ထားသော အသိပညာနှင့် ကျွမ်းကျင်မှုများပေါ်တွင် အခြေခံထားကြပါသည်။ ဥပမာအားဖြင့် ငါးလှမ်းခြင်း၊ ငံပြာရည်လုပ်ခြင်း သို့မဟုတ် ငါးပိပြုလုပ်ခြင်းကဲ့သို့သော လုပ်ငန်းများတွင် အမျိုးသမီးများသည် အချိန်ကိုက်နှင့် အရည်အသွေးထိန်းသိမ်းမှုဆိုင်ရာ ရိုးရာနည်းလမ်းများကို ကျွမ်းကျင်စွာ လုပ်ဆောင်နိုင်ကြပါသည်။

### (ဃ) အရင်းအမြစ်များ၏ ထိရောက်သော အသုံးချမှုနှင့် စားနပ်ရိက္ခာဖူလုံမှု



ငါးဖမ်းလုပ်ငန်းတွင် အမျိုးသမီးများ၏ ပါဝင်မှုသည် အရင်းအမြစ်များကို ဖြုန်းတီးမှုနှင့် လေလွင့်မှုမရှိစေရန် ထိရောက်စွာ အသုံးချခြင်းဓလေ့များစွာ အထောက်အကူဖြစ်စေပါသည်။ ဥပမာအားဖြင့် ငါးဖမ်းပိုက်ထဲတွင် မျှင်များဖမ်းမိလာပါက ၎င်းတို့ကို ငါးပိအဖြစ် ပြုပြင်ရောင်းချခြင်းဖြင့် အရင်းအမြစ်များကို အပြည့်အဝ အသုံးချနိုင်သည်။ ဤအချက်သည် စားနပ်ရိက္ခာလုံခြုံမှုကို အာမခံပေးရာတွင် အရေးပါသည်။ ထို့အပြင် အမျိုးသမီးများသည် အရည်အသွေးမြင့် ငါးထုတ်ကုန်များကို ထုတ်လုပ်ပြီး ဈေးကွက်သို့ အချိန်မီဖြန့်ဖြူးနိုင်ခြင်းဖြင့် ဒေသခံလူထု၏ စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည်။

### (င) လုပ်ငန်းခွင်အတွင်း ပြဿနာဖြေရှင်းမှုနှင့် စီမံခန့်ခွဲမှု

အမျိုးသမီးများသည် ငါးဖမ်းလုပ်ငန်းခွင်အတွင်း ဖြစ်ပေါ်လာနိုင်သော ပြဿနာများကို ဖြေရှင်းရာတွင်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။ ဥပမာအားဖြင့် စစ်ကောင်စီမှ စစ်သားများ အရက်မူးပြီး ငါးတဲသို့ လာရောက်ရမ်းကားငွေတောင်းခံသောအခါ အမျိုးသမီးများကပြေလည်အောင် ဖြေရှင်းပေးခဲ့ရခြင်း များရှိခဲ့ပါသည်။ ထိုကဲ့သို့ ပြဿနာများကို ထိရောက်စွာ ကိုင်တွယ်နိုင်မှုသည် လုပ်ငန်း၏ လည်ပတ်မှုကို အဟန့်အတားမဖြစ်စေရန် အထောက်အကူပြုဆောင်ရွက်နိုင်ခဲ့သည်။ ထို့အပြင် အလုပ်သမားများ၏ လူမှုရေးနှင့် ကျန်းမာရေးကိစ္စများကို ကြည့်ရှုပေးခြင်းဖြင့် အလုပ်သမားများ၏ စိတ်အားထက်သန်မှုနှင့် ကုန်ထုတ်စွမ်းအားကို ထိန်းသိမ်းပေးနိုင်သည်။



အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုသည် ငါးဖမ်းလုပ်ငန်းတွင် ထိရောက်မှုနှင့် စားနပ်ရိက္ခာလုံလောက်မှုအတွက် မည်ကဲ့သို့ အရေးပါကြောင်း သိစေနိုင်ရန် ဤအစီရင်ခံစာကို ရေးသားထားခြင်းဖြစ်ပါသည်။

## ရည်ရွယ်ချက်

ဤအစီရင်ခံစာသည် ငါးဖမ်းလုပ်ငန်းတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုကို အသေးစိတ်ခွဲခြမ်းစိတ်ဖြာပြရန်နှင့် အမျိုးသမီးများ၏ ပံ့ပိုးမှုသည် လုပ်ငန်းထိရောက်မှုနှင့် စားနပ်ရိက္ခာလုံလောက်မှုအပေါ် အကျိုးသက်ရောက်မှုရှိသည်ကို သိရှိရန် ရည်ရွယ်ထားပါသည်။

၁။ အမျိုးသမီးများ၏ အခန်းကဏ္ဍကို မီးမောင်းထိုးပြခြင်းဖြင့်ငါးဖမ်းလုပ်ငန်းတွင် အမျိုးသမီးများသည် ကုန်ကြမ်းရယူခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် စီမံခန့်ခွဲမှုအဆင့်များတွင် မည်ကဲ့သို့ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်ကို ရှင်းလင်းစွာ ဖော်ပြရန်။

၂။ အမျိုးသမီးများ၏ ပါဝင်မှုက ငါးဖမ်းလုပ်ငန်း၏ တန်ဖိုးကွင်းဆက်တစ်ခုလုံးကို မည်သည့်ပုံစံဖြင့်ဖြတ်သန်းပြီး လုပ်ငန်းထိရောက်မှု မြင့်တင်ပေးခြင်းဖြင့် ခွဲခြမ်းစိတ်ဖြာပြီး အသိပညာပေးရန်။

၃။ အမျိုးသမီးများ၏ လုပ်ကိုင်မှုများက ငါးထုတ်ကုန်များ၏ အရည်အသွေး၊ ဖြန့်ဖြူးမှုနှင့် အရင်းအမြစ်များ၏ ထိရောက်စွာ အသုံးချမှုဖြင့် စားနပ်ရိက္ခာလုံလောက်မှုကို မည်သည့်ပုံစံမျိုးဖြင့် ထောက်ပံ့ပေးသည်ကို နားလည်ရန်။

၄။ အမျိုးသမီးများ၏ ပါဝင်မှုကို ပိုမိုမြှင့်တင်ပြီး ၎င်းတို့၏ စွမ်းဆောင်ရည်ကို အသုံးချ၍ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အကြံပြုချက်များကို ထုတ်ပေးရန်။

## တွေ့ရှိချက်များ

### ၁။ ငါးဖမ်းလုပ်ငန်းတွင် အမျိုးသမီးများ၏ ပါဝင်မှု

အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း အမျိုးသမီးများသည် ငါးဖမ်းလုပ်ငန်းတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။ သူတို့သည် ပင်လယ်ထဲသို့ ငါးဖမ်းရန် မလိုက်နိုင်သည်မှလွဲ၍ ကုန်းပေါ်တွင် လုပ်ကိုင်ရမည့် လုပ်ငန်းစဉ်အားလုံးတွင် အမျိုးသားများနှင့် တန်းတူပါဝင်ဆောင်ရွက်ကြသည်။ ဥပမာအားဖြင့်-


- ငါးဆေး၊ ငါးရွေးနှင့် ငါးလှမ်းလုပ်ငန်းများ၊ ငါးလှမ်းထားသော အစကို ၁-၂ နာရီခြားတစ်ကြိမ် ဆွဲပေးရခြင်း၊ ညဦးပိုင်းတွင် ငါးဖမ်းစက်လှေများဆိုက်ရောက်လာပါက ချက်ချင်းပင် ငါးလှမ်းရခြင်းများကို အမျိုးသမီးများက တာဝန်ယူဆောင်ရွက်ကြသည်။

- ကုန်ပစ္စည်းရောင်းချခြင်းတွင် ငါးခြောက်ရောင်းချခြင်း၊ ကုန်သည်များနှင့် စကားပြောဆိုခြင်း၊ စာရင်းများပြုလုပ်ခြင်းနှင့် အလုပ်သမားများကို စီမံခန့်ခွဲခြင်းများကို လုပ်ကိုင်ကြသည်။

- အလုပ်သမားများ၏ စားဝတ်နေရေး၊ လူမှုရေးနှင့် ကျန်းမာရေးကိစ္စများကို ကြည့်ရှုပေးရခြင်းကလည်း အမျိုးသမီးများ၏ တာဝန်ဖြစ်သည်။

- ငါးဖမ်းပိုက်ထဲတွင် မျှင်များဖမ်း မိလာပါက နေလှမ်း၍ ငါးပိအဖြစ် ပြုပြင်ရောင်းချခြင်းကိုလည်း အမျိုးသမီးများက ဆောင်ရွက်ကြသည်။

*“ငါးဖမ်းစက်လှေကမ်းကိုရောက်လာရင် ငါးဖြုတ်၊ ငါးဆေး၊ ငါးဈေးပြော၊ ငါးကိုဒိုင်ပို့နဲ့ အမျိုးသမီးတွေလည်း နားမနေရဘူး။ ငါးတက်တာနဲ့လုပ်ရတယ်။ ပင်လယ်ထဲ မလိုက်ရတာတခုဘဲ၊ မျှင်ပါလာရင် ငါးပိထောင်းတယ်။ ၂ထပ်ထောင်းပြီး ကုန်သည်ကိုပြန်ရောင်းတယ်” ဟု ဒေသခံအမျိုးသမီးတစ်ဦးမှပြောကြားခဲ့သည်။*



ဤလုပ်ငန်းများကို ကြည့်ခြင်းအားဖြင့် အမျိုးသမီးများသည် ငါးဖမ်းလုပ်ငန်းတွင် မရှိမဖြစ်လိုအပ်သော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း သိသာပါသည်။



## ၂။ ငါးဖမ်းလုပ်ငန်းအပေါ် အမျိုးသမီးများ၏ အကျိုးသက်ရောက်မှု

အမျိုးသမီးများ၏ ပါဝင်မှုသည် ငါးဖမ်းလုပ်ငန်း၏ ထိရောက်မှုကို မြှင့်တင်ပေးသည်ဟု ဆိုနိုင်ပါသည်။ အကြောင်းမှာ-

- လုပ်ငန်းစဉ်များ၏ ချောမွေ့မှုတွင် ငါးဖမ်းပြီးနောက် ကုန်းပေါ်တွင် ပြုပြင်ထုတ်လုပ်ရမည့် လုပ်ငန်းစဉ်များဖြစ်သည့် ငါးဆေး၊ ငါးလှမ်း၊ ငါးရွေးခြင်းများကို အမျိုးသမီးများက စနစ်တကျ ဆောင်ရွက်ပေးခြင်းဖြင့် လုပ်ငန်းစဉ်များ မနှောင့်နှေးဘဲ ချောမွေ့စွာ လည်ပတ်နိုင်သည်။

- ကုန်ပစ္စည်းဖြန့်ဖြူးရောင်းချမှုတွင် အရေးပါမှုမှာငါးခြောက် သို့မဟုတ် ငါးပိများကို ဈေးကွက်သို့ ရောင်းချရာတွင် အမျိုးသမီးများက ကုန်သည်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်းဖြင့် ကုန်ပစ္စည်းများ ဈေးကွက်သို့ အမြန်ဆုံးရောက်ရှိစေပြီး လုပ်ငန်း၏ ဝင်ငွေရရှိမှုကို မြှင့်တင်ပေးသည်။

- အလုပ်သမားစီမံခန့်ခွဲမှု ကိုဦးဆောင်လုပ်ကိုင်နိုင်ပြီးအလုပ်သမားများ၏ စားဝတ်နေရေးနှင့် ကျန်းမာရေးကိစ္စများကို အမျိုးသမီးများက စီမံပေးခြင်းဖြင့် အလုပ်သမားများ၏ စိတ်အားထက်သန်မှုနှင့် ကုန်ထုတ်စွမ်းအားကို ထိန်းသိမ်းပေးနိုင်သည်။ ဤအချက်သည် လုပ်ငန်း၏ ရေရှည်တည်တံ့မှုအတွက် အရေးပါသည်။

- ပြဿနာဖြေရှင်းမှုနှင့် စီမံခန့်ခွဲမှုကိုဆောင်ရွက်နိုင်ပြီး ဥပမာ၊ စစ်သားများ အရက်မူးပြီး ငါးတဲသို့ လာရောက်ရမ်းကားပြီးငွေများတောင်းခံသောအခါ အမျိုးသမီးများက ဖြေရှင်းပေးခဲ့ခြင်းကဲ့သို့ လုပ်ငန်းခွင်အတွင်း ပြဿနာများကို ထိရောက်စွာ ဖြေရှင်းပေးနိုင်မှုသည် လုပ်ငန်း၏ လည်ပတ်မှုကို အဟန့်အတားမဖြစ်စေရန် အထောက်အကူဖြစ်စေသည်။

*““ငါးဒိုင်သွင်း၊ ငါးဈေးဖြတ်၊ စာရင်းကိုင်၊ အလုပ်သမားများအတွက် စားဝတ်နေရေးစီမံရ ကုန်းပေါ်မှာ ရလာတဲ့ငါးတွေကို ရေခဲငါး၊ ဆားငါး စသဖြင့်ခွဲပြီး လှမ်းရတယ်။ အမျိုးသမီးများ၏လုပ်အားမပါဘဲ ငွေမဖြစ်ဘူး။ သူတို့က ကုန်းပေါ်ကနေ စီမံရတယ်။ သူတို့ရဲ့အခန်း ကဏ္ဍကလည်း အရေးကြီးတယ်” ဟုလည်း ဒေသခံအမျိုးသမီးတစ်ဦးမှပြောကြားခဲ့သည်။*





## ၃။ စားနပ်ရိက္ခာလုံလောက်မှုအပေါ် အမျိုးသမီးများ၏ အကျိုးသက်ရောက်မှု

အမျိုးသမီးများ၏ ပါဝင်မှုသည် စားနပ်ရိက္ခာလုံလောက်မှုအပေါ် အောက်ပါအတိုင်း အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများ ရှိသည်။

- ငါးထုတ်ကုန်များ၏ အရည်အသွေးထိန်းသိမ်းမှု တွင် ငါးဆေး၊ ငါးလှမ်း နှင့် ငါးရွေးခြင်းလုပ်ငန်းများကို အမျိုးသမီးများက ဂရုတစိုက် ဆောင်ရွက်ပေးခြင်းဖြင့် ငါးထုတ်ကုန်များ၏ အရည်အသွေးကို ထိန်းသိမ်းနိုင်သည်။ ဥပမာ၊ ငါးလှမ်းရာတွင်ရရှိလာသောငါးနီတူများကို ရေချိုနှင့်ဆေးပြီးမှလှမ်းကြသည်။ ရေချိုဖြင့်ဆေးပြီးလှမ်းသောကြောင့် ခြောက်တာကွာသည်။ နှစ်ပေါက်ထားသော်လည်း အရောင်ပြောင်းလဲခြင်းမရှိပါ။ ရေချိုဖြင့်မဆေးပါက ခြောက်လို့အိတ်ထဲထည့်လိုက်လျှင် ဆားငွေ့ပြန်ပြီးပျော့ သွားတတ်သည်။ ထိုအပြင် ငါးလှမ်းထားသော အစကို ၁-၂ နာရီခြားတစ်ကြိမ် ဆွဲပေးခြင်းဖြင့် ငါးများ နှင့်အောက်ခံအစကပ်မသွားစေရန် ကာကွယ်ပေးနိုင်သည်။ ဤအချက်သည် စားသုံးသူများအတွက် အရည်အသွေးမြင့် ငါးထုတ်ကုန်များကို ရရှိစေပြီး စားနပ်ရိက္ခာဖူလုံမှုကို ပံ့ပိုးပေးသည်။

- ကုန်ပစ္စည်းဖြန့်ဖြူးမှုတွင် အရေးပါမှု အနေဖြင့် ငါးခြောက်၊ ငါးပိ နှင့် ငံပြာရည်များကို ဈေးကွက်သို့ ရောင်းချရာတွင် အမျိုးသမီးများက အဓိကပါဝင်ခြင်းဖြင့် ငါးထုတ်ကုန်များကို ဈေးကွက်သို့ အချိန်မီရောက်ရှိစေပြီး စားနပ်ရိက္ခာထောက်ပံ့မှုကို အာမခံနိုင်သည်။

- အရင်းအမြစ်များ၏ ထိရောက်သည့် အသုံးချမှုကဲ့သို့သော ငါးဖမ်းပိုက်ထဲတွင် မျှင်များဖမ်းမိလာပါက ၎င်းတို့ကို ငါးပိအဖြစ် ပြုပြင်ရောင်းချခြင်းဖြင့် အရင်းအမြစ်များကို ဖြုန်းတီးမှုမရှိဘဲ အသုံးချနိုင်သည်။ ဤအချက်သည် စားနပ်ရိက္ခာထုတ်လုပ်မှုကို တိုးမြှင့်ပေးပြီး လုံလောက်မှုကို ပံ့ပိုးပေးသည်။




## ၄. အမျိုးသမီးများ၏ လူမှုစီးပွားရေးအခြေအနေ

အစီရင်ခံစာတွင် ဖော်ပြထားသည့် အမျိုးသမီးများ၏ အလုပ်ချိန်၊ ဝင်ငွေ၊ ပညာရေးနှင့် အလုပ်အမျိုးအစားများကို ထည့်သွင်းစဉ်းစားပါက-


- အလုပ်ချိန်နှင့် ဝင်ငွေ။ အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူ ပင်ပန်းစွာ လုပ်ကိုင်ရပြီး အလုပ်ချိန်နှင့် ဝင်ငွေကို ဖော်ပြထားသော်လည်း အမျိုးသမီးများအနေဖြင့် ဤလုပ်ငန်းများမှ ရရှိသော ဝင်ငွေသည် ၎င်းတို့၏ မိသားစုများအတွက် စားနပ်ရိက္ခာလုံလောက်မှုကို ပံ့ပိုးပေးနိုင်ရန် အထောက်အကူဖြစ်စေသည်။

- ပညာရေးနှင့် အလုပ်အမျိုးအစား။ အမျိုးသမီးများ၏ ပညာရေးအဆင့်နှင့် အလုပ်အမျိုးအစားများကို ထည့်သွင်းစဉ်းစားသောအခါ ၎င်းတို့သည် လုပ်ငန်းအတွင်း စီမံခန့်ခွဲမှုနှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာ ကျွမ်းကျင်မှုများကို ပိုင်ဆိုင်ထားပြီး လုပ်ငန်း၏ ထိရောက်မှုကို မြှင့်တင်ပေးနိုင်သည်။


*"ငွေကြေး၊ အရင်းအနှီး ထောက်ပံ့ပေးရန်လိုတယ်။
လမ်းပန်းဆက်သွယ်ရေးကောင်းဖို့တော့ လိုအပ်တယ်။ မီးမရတော့လဲ လုပ်ချင်တာ
လုပ်မရဘူး။ ပိုင်ရှင်က အရာရာတောင့်တင်းမှု့ရှိမှသာ အဆင်ပြေမယ်။ စားဝတ်နေရေး၊
ကလေးများပညာရေး စတာတွေထောက်ပံ့ပေးရမယ်။ တစ်ရက်ဝင်ငွေ ကိုက်ညီအောင်
ပေးနိုင်ရင် အဆင်ပြေတယ်" ဟုလည်း ဒေသခံအမျိုးသမီးတစ်ဦးကပြောကြားခဲ့သည်။*










ပုံ(၁) အသက်အပိုင်းအခြားအလိုက်ဖြေဆိုသူအမျိုးသမီးဦးရေ





ပုံ(၂) ဖြေဆိုသူအမျိုးသမီးများ၏ အတန်းပညာတတ်မြောက်မှု (ရာခိုင်နှုန်း)




ပုံ(၃) အလုပ်အမျိုးအစားအလိုက် လုပ်ကိုင်ကြသည့် အမျိုးသမီးဦးရေ




ပုံ(၄) အမျိုးသမီးများ၏ တစ်ရက်အလုပ်ချိန်




ပုံ(၅) အမျိုးသမီးများ၏ တစ်ရက်ဝင်ငွေ

## အမျိုးသမီးများ၏ ရင်ဆိုင်နေရသော အခက်အခဲများ

၁။ လုပ်ခလစာနည်းခြင်း၊ အလုပ်ချိန်ကြာရှည်ခြင်း (၈ - ၁၂ နာရီထိ)၊ ပင်ပန်းမှုများခံစားရခြင်း၊ ဥပဒေရေးရာကာကွယ်မှုမရှိခြင်း တို့သည် အဓိက ပြဿနာများဖြစ်သည်။

၂။ ကျား၊ မ ညီမျှမှုမရှိခြင်း၊ အမျိုးသားများ၏ တာဝန်ယူမှုနည်းပါးခြင်းနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကြောင့် အမျိုးသမီးများ သည် ဦးဆောင်မှုရာထူးများတွင် မကြာခဏပါဝင်ခွင့်မရနိုင်ခြင်းများရှိနေသည်။

၃။ ငါးဖမ်းလုပ်ငန်းနှင့် သက်ဆိုင်သော အသင်းအဖွဲ့များ နှင့် အဖွဲ့အစည်းများ၏စီမံခန့်ခွဲမှုတွင် ပါဝင်နိုင်ခွင့် နည်းပါးခြင်းကြောင့် ဈေးကွက်ညှိနှိုင်းမှုတွင် ငါးဈေးဝယ်သူများနှင့် မညီမျှသောအခွင့်အလမ်းများ ရှိနိုင်သည်။ ပညာရေးနည်းပါးမှု၊ မိမိတို့ဉာဏ်စွမ်း ရှိသလောက်အလုပ်လုပ်ပိုင်ခွင့်မရှိမှုနှင့် အမျိုးသားများထံမှ ထိန်းချုပ်ထားမှုများကြောင့် အမျိုးသမီးများ၏ တိုးတက်မှုကို အကန့်အသတ်ဖြစ်စေသည်။

## ၅. နိဂုံး

အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုသည် ငါးဖမ်းလုပ်ငန်းတွင် လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ၎င်းတို့၏ ပံ့ပိုးမှုသည် လုပ်ငန်း၏ ထိရောက်မှုနှင့် စားနပ်ရိက္ခာလုံလောက်မှုကို မြှင့်တင်ပေးရာတွင် မရှိမဖြစ်လိုအပ်သည်။ အမျိုးသမီးများသည် လုပ်ငန်းစဉ်များကို ချောမွေ့စေခြင်း၊ ကုန်ပစ္စည်းဖြန့်ဖြူးရောင်းချမှုကို အထောက်အကူပြုခြင်း၊ အရင်းအမြစ်များကို ထိရောက်စွာ အသုံးချခြင်းနှင့် အလုပ်သမားများ၏ စီမံခန့်ခွဲမှုကို ဆောင်ရွက်ပေးခြင်းဖြင့် လုပ်ငန်း၏ ကုန်ထုတ်စွမ်းအားကို မြှင့်တင်ပေးလျှက်ရှိနေသည်။ ထို့အပြင် ငါးထုတ်ကုန်များ၏ အရည်အသွေးကို ထိန်းသိမ်းပေးပြီး ဈေးကွက်သို့ အချိန်မီရောက်ရှိစေခြင်းဖြင့် ငါးဖမ်းလုပ်ငန်း၏ တန်ဖိုးကွင်းဆက်အဆင့်တိုင်းတွင် ပါဝင်ဆောင်ရွက်ခြင်းကြောင့် ဒေသခံလူထု၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့် စားနပ်ရိက္ခာဖူလုံမှုကို အာမခံပေးနိုင်ခဲ့သည်။ အမျိုးသမီးများသည် ငါးဖမ်းလုပ်ငန်း၏ ရေရှည်တည်တံ့မှုနှင့် စားနပ်ရိက္ခာလုံလောက်မှုအတွက် မရှိမဖြစ်လိုအပ်သော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း သုံးသပ်နိုင်ပါသည်။ ထို့ကြောင့် အမျိုးသမီးများ၏ ဦးဆောင်မှုအခန်းကဏ္ဍကို ပိုမိုအသိအမှတ်ပြုပြီး ၎င်းတို့၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးရန် လိုအပ်ပါသည်။

